နောက်ဆက်တွဲ (၂)

**“မြန်မာနိုင်ငံတရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် မူကြမ်း (၁.၀၃ - ၂၀၂၂)” အပေါ် လူထုသဘောထားမှတ်ချက်နှင့် အကြံဉာဏ်တောင်းခံရာတွင် ဆက်စပ်ပတ်သက်ပါဝင်သူများ မှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်/အကြံပြုချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီအစည်းအဝေးများတွင် အဆင့်ဆင့် အတည်ပြုဆုံးဖြတ်ထားသည်များကိုတင်ပြခြင်း**

| | | |
|---|---|---|
| အမည် | - | ဦးခင်မောင်ထွေး-၁<br>( ညွှန်ကြားရေးမှူးချုပ်(သစ်တောဦးစီးဌာန) ကိုယ်စား) |
| အဖွဲ့အစည်းအမည် | - | သစ်တောဦးစီးဌာန |
| အလုပ်အကိုင်/ရာထူး | - | ညွှန်ကြားရေးမှူး၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန |
| ပေးပို့ရက်စွဲ | - | ၂၃-၈-၂၀၂၂ |

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများ နှင့် တာဝန်ရှိသူများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၈။ သစ်တောရှင်းလင်းခြင်းမှ ထွက်ရှိသောသစ်<br>Conversion timber | - သစ်တောရှင်းလင်းခြင်းမှ မြေယာအသုံးချမှုပြောင်းလဲခြင်းမှထွက်ရှိသောသစ် (အဓိက အသုံးအနှုန်း) တွင် ပြင်ဆင်ရန်<br>အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် “သဘာဝသစ်တောများအား ကို သစ်တောရှင်းလင်းခြင်းမှဆိုသော အသုံးအနှုန်းသည်နောက်ပိုင်းစာသားများ၌ အသုံးပြုမထားခြင်း၊ အဓိပ္ပါယ် ဖွင့်ဆိုချက်အရ မြေယာအသုံးချမှုပြောင်းလဲခြင်းကိစ္စများကိုဖော်ပြထားခြင်း၊ မြေယာအသုံးချမှု ပြောင်းလဲခြင်းဆိုသည့်အသုံးအနှုန်းသာသုံးစွဲထားခြင်း။ | “မြေအသုံးချမှုပြောင်းလဲရန်အတွက် သစ်တောရှင်းလင်းခြင်းမှ ထွက်ရှိသောသစ်” ဟု အဓိကအသုံးအနှုန်းတွင်ပြင်ဆင်ထားပါသည်။<br>အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်“သဘာဝသစ်တောများကို သစ်တောမဟုတ်သော မြေအသုံးချမှုလုပ်ငန်းများ (သို့မဟုတ်) စိုက်ခင်းအဖြစ်သို့ ပြောင်းလဲရန်အတွက် ရှင်းလင်းခြင်းမှ ထွက်ရှိသော သစ်<br>➢ အခြေခံအဆောက်အအုံများဖွံ့ဖြိုး တိုးတက်ရေး (ရေကာတာများ၊လမ်းများတည်ဆောက်ခြင်း) |

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများ နှင့် တာဝန်ရှိသူများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| | | | ➢ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက် မှု (အကြီးစားစီးပွားဖြစ်) ဟု ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၂ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၁၃။ သစ်တောနယ်မြေ<br>Forest land | သစ်တောနယ်မြေဆိုသည်မှာ ကြိုးဝိုင်းတော များ နှင့် ကြိုးပြင်ကာကွယ်တောများတို့ ပါဝင်သည့် နယ်မြေကိုဆိုသည်။ (သစ်တောဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက် နှင့် ကိုက်ညီရန်) | ၂၀၁၈ ခုနှစ် သစ်တောဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ပြင်ဆင်ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၃ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၁၆။ တင်သွင်းသောသစ်<br>Import timber | နိုင်ငံရပ်ခြားမှ နိုင်ငံတွင်းသို့ ယူဆောင်လာသော သစ်များနှင့် သစ်ထွက်ပစ္စည်းများ | တင်သွင်းသော သစ်ထွက်ပစ္စည်းများပါရှိသဖြင့် **တင်သွင်းသော သစ်နှင့်သစ်ထွက်ပစ္စည်းများ** "နိုင်ငံရပ်ခြားမှ နိုင်ငံတွင်းသို့ ယူဆောင်လာသော သစ်များနှင့် သစ်ထွက်ပစ္စည်းများ"ဟု ပြင်ဆင်ထည့်သွင်းသွားမည်ဖြစ်ပါ သည်။ |
| ၄ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၂၂။ သစ်လုပ်ငန်းဆောင်ရွက်သူ/ အဖွဲ့အစည်း<br>Operator | စိုက်ပျိုးသည့် ပုဂ္ဂလိက/ ကုမ္ပဏီ/ အဖွဲ့ အစည်း ထပ်မံဖြည့်သွင်းရန် အကြံပြုပါသည်။ | စိုက်ပျိုးသည့် ပုဂ္ဂလိက/ ကုမ္ပဏီ/ အဖွဲ့အစည်း ထပ်မံထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၅ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၂၆။ ကြိုးဝိုင်းတောများ<br>(RF: Reserved Forest) | ၁၉၉၂ ခုနှစ် သစ်တောဥပဒေသည် ၂၀၁၈ သစ်တောဥပဒေဖြင့် ရုပ်သိမ်းထားပြီးဖြစ်ပါသည်။ ၂၀၁၈ သစ်တော ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက် အတိုင်း ပြင်ဆင်ရေးသားသင့်ပါသည်။ | ၂၀၁၈ သစ်တောဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ပြင်ဆင်ထည့်သွင်းသွားမည် ဖြစ်ပါသည်။ |
| ၆ | **၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်**<br>၂၇။ထောက်ပံ့ရေးကွင်းဆက် | ထောက်ပံ့မှုကွင်းဆက် | ထောက်ပံ့မှုကွင်းဆက်ဟု မြန်မာဘာသာပြန်ဆိုသွားမည် ဖြစ်ပါသည်။ |

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများ နှင့် တာဝန်ရှိသူများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| | Supply chain | | |
| ၇ | **၁.၇။ အမိပွါယ်ဖွင့်ဆိုချက်**<br>၃၀။ သစ်ပင်ပိုင်ရှင်<br>Trees owners | သစ်တောနယ်မြေကိုလည်းထည့်သွင်းရပါမည်။ သစ်တောမြေတွင် တည်ထောင်သော ပုဂ္ဂလိကသစ်တောစိုက်ခင်းများလည်းရှိပြီး သစ်တောမြေရှိ အစုအဖွဲ့ပိုင်သစ်တောများ၏ ကျွန်းပင်များကိုလည်း မှတ်ပုံတင်ရန်လမ်းညွှန်ချက်ရှိပါသည်။ | private teak plantation established in forest land with permission, the private teak plantation established outside forest land,the community forest ကို ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ကျွန်းပင်ပိုင်ဆိုင်ခွင့်ပြုထားသည့် ဖော်ပြချက်ပါအတိုင်း ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၈ | ဥပဒေသ (၁)၊ စံသတ်မှတ်ချက်(၁.၃.၁)တာဝန်ရှိသူ | **တာဝန်ရှိသူ**<br>o သစ်တောဦးစီးဌာန (FD)၊<br>o သစ်တောပိုင်ရှင်များ<br>o သစ်ပင်ပိုင်ရှင်များ<br>o စိုက်ပျိုးရေးဦးစီးဌာန<br>o စိုက်ပျိုးရေးဦးစီးဌာန၊<br>o စိုက်ပျိုးရေး၊ မြေစီမံခန့်ခွဲမှု နှင့် စာရင်းအင်းများဌာန<br>o လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန<br>o အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အား ထပ်မံဖြည့်သွင်းလိုပါသည်။ | စိုက်ပျိုးရေး၊မြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းများဌာနကိုဖြုတ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (General Administration Department)၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (Department of Land Administration and Statistics ) တို့ကို ထပ်မံထည့်သွင်းသွားမည်ဖြစ်ပါသည်။ |